ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အလုပ်သမားဝန်ကြီးဌာန
www.mol.nugmyanmar.org

## ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ပေးပို့သော သဝဏ်လွှာ

၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံက ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံး၏ အခွင့်အရေးများ ကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်းကို အတည်ပြုချမှတ်ခဲ့ပြီး နောင် ၁၀ နှစ်အကြာ၌ ကမ္ဘာတစ်ဝန်း များပြားလှသော ရွှေ့ပြောင်းနေထိုင်သူဦးရေနှင့် ကမ္ဘာ့စီးပွားရေးနှင့် လူမှုရေးအပေါ် ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်သူများ၏ သက်ရောက်မှုကို ထည့်သွင်းစဉ်းစားကာ ဒီဇင်ဘာလ ၁၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ (International Migrants Day) အဖြစ်သတ်မှတ်ခဲ့ပြီး ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်သူများကို ဂုဏ်ပြုသောအားဖြင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ကို နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

၂၀၂၁ ခုနှစ် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့ အတွက် ကုလသမဂ္ဂမှ ချမှတ်ထားသည့် ဆောင်ပုဒ်မှာ "လူသားများ၏ရွှေ့ပြောင်းနိုင်မှု အလားအလာကို ဖော်ထုတ်အသုံးချစို့" ဟူ၍ဖြစ်ပါသည်။

ကမ္ဘာ့ဒေသအသီးသီးတွင် နိုင်ငံတစ်နိုင်ငံ၏ လူဦးရေ၊ စီးပွားရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်အားခ မတူညီမှုများ၊ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်း၊ လူသားများကြောင့် ဖြစ်ပေါ်လာသည့် ပဋိပက္ခများ၊ လူမှုစီးပွားအကျပ်အတည်းများ စသည်တို့ကြောင့်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်လာသည့် သတင်းအချက်အလက်၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ လူမှုကွန်ရက်စသည့် နည်းပညာရပ်များ လျင်မြန်လွယ်ကူစွာ အသုံးချလာနိုင်ခြင်း Globalization ဖြစ်စဉ်တို့ကြောင့် လည်းကောင်း ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်မှုများသည် ကမ္ဘာအနှံ့တိုးပွားပြန့်နှံ့လျက် ရှိပါသည်။

ကုလသမဂ္ဂ၏ စစ်တမ်းများအရ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာနှင့်အဝှမ်း ရွှေ့ပြောင်းအလုပ်သမား (၁၆၄) သန်း အပါအဝင် စုစုပေါင်း ရွှေ့ပြောင်းသွားလာနေထိုင်သူ (၂၈၁) သန်း ခန့်ရှိပြီး ကမ္ဘာ့လူဦးရေ၏ ၃.၆ ရာခိုင်နှုန်းရှိကြောင်း၊ ရွှေ့ပြောင်းသွားလာသူများက ယင်းတို့၏ မိသားစုများထံ လွှဲပို့ငွေမှာ အမေရိကန်ဒေါ်လာ (၇၁၇) ဘီလီယံရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံသားများအနေဖြင့် ၁၉၉၀ ပြည့်နှစ်များကတည်းက အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်း ပိုမိုကောင်းမွန်သည့် ပြည်ပနိုင်ငံအသီးသီးတွင် သွားရောက် လုပ်ကိုင်နေထိုင်လျက်ရှိကြောင်း တွေ့ရှိရပြီး ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်-မြန်မာ) ၏ စာရင်းများအရ နိုင်ငံလူဦးရေ စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းသည် ပြည်တွင်း (သို့မဟုတ်) ပြည်ပသို့ ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်ကြသူများဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ ၂၀၂၀ ခုနှစ် ထုတ်ပြန်ချက် အရ မြန်မာနိုင်ငံ၏ မိသားစုလွှဲပို့ပေးငွေ အမေရိကန်ဒေါ်လာ ၂.၂၄ ဘီလီယံခန့် ရှိကြောင်း သိရှိရပါသည်။

ရွှေ့ပြောင်းအလုပ်သမားများသည် မူရင်းနိုင်ငံနှင့် လက်ခံနိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အထောက်အကူ ပြုလျက်ရှိခြင်းကြောင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခြေခံအခွင့်အရေးနှင့် လွတ်လပ်မှုတို့ကို ရရှိခံစားနိုင်စေရေး၊ ခွဲခြားဆက်ဆံမှု၊ ခြိမ်းခြောက်အနိုင်ကျင့်ဖိနှိပ်မှုနှင့် အကြမ်းဖက်မှုတို့မှ ကင်းဝေးစေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် တန်းတူပညာသင်ခွင့် ရရှိရေးတို့အတွက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အားလုံးဝိုင်းဝန်း၍ အလေးထား ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ပါသည်။

မိမိတို့နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အခြေခံကောင်းများဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်၊ သဘာဝသယံဇာတ၊ ရာသီဥတုနှင့် ပထဝီအနေအထား စသည်တို့ မျှတကောင်းမွန်မှုရှိသော်လည်း ကာလရှည်ပြည်တွင်းပဋိပက္ခများရှိနေခြင်းနှင့် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့ရပါသည်။

တိုင်းရင်းသား ပြည်သူလူထု တစ်ရပ်လုံး၏ ထောက်ခံမှုဖြင့် ဖွဲ့စည်းခဲ့သည့် အမျိုးသားညီညွတ်ရေးအစိုးရသည် အဆိုပါအခြေအနေများကိုကျော်လွှားနိုင်ရေးအတွက်အဓိကကျသည့် အာဏာရှင်စနစ်အမြစ်ဖြတ်ရေး၊ တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို မမှိတ်မသုန် ဆောင်ရွက်လျက်ရှိပါသည်။

စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ချေမှုန်းရေးဖြစ်သည့် နွေဦးတော်လှန်ရေးတွင် မြန်မာနိုင်ငံမှရွှေ့ပြောင်းအလုပ်သမားများနှင့် ပြည်ပတွင်အခြေချ နေထိုင်သူများသည် အရေးပါသည့် အခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် လျက်ရှိသည့်အတွက် အထူးပင်ဂုဏ်ယူ ဝမ်းမြောက် ကျေးဇူးတင်ရှိပါသည်။

ဘေးကင်းလုံခြုံသည့်ရွှေ့ပြောင်းသွားလာမှုဖြစ်စေရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခြေခံအခွင့်အရေးများရရှိရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရေးတို့အတွက် မိမိတို့ အမျိုးသားညီညွတ်ရေးအစိုးရ အနေဖြင့် အလေးထား စီစဉ်ဆောင်ရွက်ပေးသွားရန် ကတိပြုပါသည်။

ပြည်ပနိုင်ငံအသီးသီးတွင် ရောက်ရှိနေကြသည့် မြန်မာရွှေ့ပြောင်းသွားလာ နေထိုင်လုပ်ကိုင်သူများအနေဖြင့် သက်ဆိုင်ရာနိုင်ငံ၏ COVID-19 ကူးစက်ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာလမ်းညွှန်ချက်များအပါအဝင်ဥပဒေနှင့်ဓလေ့ထုံးတမ်းများကိုလေးစားလိုက်နာရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးအတွက်လည်းအလေးအနက်ထားတိုက်တွန်းအပ်ပါသည်။

ရွှေ့ပြောင်းအလုပ်သမားများ၏ ပြည်ပဝင်ငွေ၊ ရရှိလာသော ကျွမ်းကျင်မှု၊ တီထွင်ဖန်တီးနိုင်မှု၊ စွန့်စားလုပ်ကိုင်တတ်သည့် အလေ့အထနှင့် ကြိုးစားအားထုတ်မှု တို့သည် အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအတွက်များစွာ အထောက်အကူပြုစေမည်ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့အခါသမယတွင် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများနှင့် ရွှေ့ပြောင်းနေထိုင်သူအားလုံးကို မြန်မာ့ဒီမိုကရေစီအရေး၊ နွေဦးတော်လှန်ရေး၏ ရဲဘော်ရဲဘက်များအဖြစ် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်းနှင့်တော်လှန်ရေးအောင်မြင်ပြီးနောက် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းတွင် ဆက်လက်ပူးပေါင်း ပါဝင်ကြရန် တိုက်တွန်းရင်း ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်သူများအပေါင်း ကိုယ်စိတ်နှလုံး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

နိုင်သုဝဏ္ဏ
ပြည်ထောင်စုဝန်ကြီး
အမျိုးသားညီညွတ်ရေးအစိုးရ